## သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံရေးနှင့်စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး အဆိုပါဆောင်ရွက်မှုများကို နိုင်ငံတကာအသိုင်းအဝိုင်းမှလည်း အသိအမှတ်ပြုခဲ့ပါသည်။ ယင်းကဲ့သို့ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ထိုက်သင့်သော အောင်မြင်မှုများရှိသကဲ့သို့ ဆက်လက်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုနှင့် အခက်အခဲများ ရှိနေပါသေးသည်။

မမျှော်လင့်ဘဲ ဖြစ်ပွားခဲ့သည် ရာဇဝတ်မှုကို အခြေခံပြီး ဖြစ်ပွားခဲ့သည့် လူ့အဖွဲ့အစည်း နှစ်ခုအကြား ပဋိပက္ခမှ ထွက်ပေါ်လာသည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့ရလျက် ရှိပါသည်။ မိမိတို့၏ စိတ်ရင်းအမှန်မှာ အဆိုပါ ပဋိပက္ခများအား ပြေပြေလည်လည် ဖြေရှင်း၍ လူ့အဖွဲ့အစည်းနှစ်ဖက်လုံးကို တူညီသောထောက်ပံ့မှုများ ပေးအပ်သွားနိုင်ရေးနှင့် သဟဇာတရှိစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးအတွက် အခြေအနေကောင်းများ ဖန်တီးပေးနိုင်ရေးပင်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် လူသားချင်းစာနာမှုကိစ္စရပ်များ၌ နိုင်ငံတကာ၏ အထောက်အပံ့နှင့် အကူအညီများကိုလည်း လက်ခံလျက်ရှိပါသည်။ ဒုတိယသမ္မတကိုယ်တိုင် ဦးဆောင်၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီအား ဖွဲ့စည်းထားရှိခဲ့သည့်အပြင် ပဋိပက္ခဖြစ်ပွားရာဒေသသို့ နိုင်ငံခြားသံတမန်များအား ဦးဆောင်၍ အကြိမ်ကြိမ်သွားရောက်ခဲ့ပြီး အခြေအနေမှန်များကို ရှင်းလင်းခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများပါဝင်လျက် အမေရိကန်၊ အီးယူ၊ ဩစတြေးလျ စသည့် သံရုံးများမှ သံအမတ်ကြီးများ၊သံတမန်များနှင့် ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်လည်း ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ မိမိတို့အနေဖြင့်ယင်းကဲ့သို့တရားဝင်ဆက်သွယ်ရေးလမ်းကြောင်းများထားရှိကာနိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ထိတွေ့ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့အခြေစိုက် အမေရိကန်၊ အီးယူ၊ ဆွစ်ဇာလန်နှင့် တူရကီနိုင်ငံသံရုံးတို့မှ ရခိုင်ပြည်နယ် မြေပုံမြို့နယ်ရှိ ဒုက္ခသည်များ ကိစ္စနှင့်ပတ်သက်၍ ထုတ်ပြန်ခဲ့သည့် ကြေညာချက်မှာ အထက်ပါ တရားဝင်ဆက်သွယ်ရေး လမ်းကြောင်းများတည်ရှိမှုကို လျစ်လျူရှုကာ မိမိတို့ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်သော နိုင်ငံရေးဖိအားတစ်ရပ်အဖြစ် ရှုမြင်ရပါ သည်။ အဆိုပါ လူ့အဖွဲ့အစည်း နှစ်ခုကြားတွင် သဟဇာတရှိစွာ အတူယှဉ်တွဲနေထိုင်မှု မဖြစ်သေးမီကာလအတွင်း ယခုကဲ့သို့သော လုပ်ရပ် များသည် ပဋိပက္ခအား ဖြေရှင်းရန် အထောက်အကူ မပြုရုံမျှမက ပိုမိုရှုပ်ထွေးစေမည် ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
ရက်စွဲ၊ ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်